စီကော်ကျေးရွာ

စီကော်ကျေးရွာအုပ်စု၊ မံစီမြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စီကော်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မံစီမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဒီဇင်ဘာလ၊ ၂၀၁၈

## မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

(င) **ပညာရေး**

**(စ) ကျန်းမာရေး**

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

**(ဇ) ကျား – မ ရေးရာ**

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


"ဓိကော်ကျေးရွာ သယံဇာတပြမြေပုံ"



**စီကော်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်**



**စီကော်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှု ပုံစံ**

**၁။ တည်နေရာနှင့် ပထဝီအနေအထား**

စီကော်ကျေးရွာသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် ၊ မံစီမြို့နယ် စီကော်ကျေးရွာအုပ်စု၊ မံစီမြို့မှ (၂၈)မိုင်ကျော်ခန့်တွင်တည်ရှိသည်။ကျေးရွာ၏ အရှေ့ဘက်တွင် စီခမ်းကြီးကျေးရွာနှင့်အနောက်ဘက်တွင် သံတံတားကျေးရွာတို့နှင့် ချိတ်ဆက်နေသည်။ကျေးရွာ၏ တောင်ဘက်တွင် လယ်ကွင်းများရှိပြီး မြောက်ဘက်တွင် သစ်တောရှိသည်။ ကျေးရွာသည် မိုးတွင်းကာလရေကြီးချိန်တွင် ကျေးရွာအနိမ့်ပိုင်းလယ်ကွင်းများ ရေလွှမ်းမိုး မှုခံရတတ်သည်။ကျေးရွာတွင် အိမ်ခြေစုစုပေါင်း(၁၉၅)အိမ်ခြေရှိသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန်လက်မ(၇၅)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ စွယ်တော်၊ ကုက္ကို၊ သရက်၊ငှက်ပျောနှင့် သဖန်းစသော အပင်များပေါက်ရောက်သည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၃၅၆)ကေ၊ သခွား၊ငရုတ်၊ပြောင်းဖူး ဆောင်သီးနှံ စိုက်ပျိုးနိုင် သော ကိုင်း/ကျွန်းမြေ(၁၅၈)ကေ နှင့် ပလပ်မြေ (၁၃၄)ကေရှိသည်။ ချောင်းရေကို ရေစုပ်စက်ဖြင့် စုပ်တင်ပြီး နွေးစပါး စိုက်ပျိုးနိုင်ကြသည်။ သဘာဝပေါက် ပင်နှင့်ဆေးဖက်ဝင်အပင်များမှာ ဆင်တုံးမနွယ်၊ ကြောင်လျှာပင်၊ နနွင်းဝါ၊ ငရုပ်ကောင်း၊ ဝါး၊ ကျွန်းနှင့် ပျဉ်းကတိုးများရှိသော်လည်း ကျေးရွာဖွံ့ဖြိုး ရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။

**၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျေးရွာတွင်း အဖွဲ့ပေါင်း (၈) ဖွဲ့ရှိပြီး စီးပွါးရေးကို အခြေခံသောအဖွဲ့ ၁ဖွဲ့ရှိပြီး နှင့် လူမှုရေးနှင့်ဘာသာရေးပူးတွဲလုပ်နေသောအဖွဲ့ ၇ ဖွဲ့ရှိသည်။ ၄င်း အဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်း သောအဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ ပြင်ပမှ လုပ်ငန်းလိုအပ် ချက်အရဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန် ယုံကြည်မှု အား နည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှုမရှိကြပါ။ သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် ကျေးရွာကို ကောင်းစွာ ဦးဆောင်စီမံခန့်ခွဲနိုင်သော အဖွဲ့အစည်းစနစ်မရှိပါ။ ကျေးရွာအတွင်းအဖွဲ့အစည်းများစွာ ရှိသော်လည်း တဖွဲ့နှင့်တဖွဲ့ အခြေအနေကို မသိကြဘဲ အဖွဲ့အစည်း အချင်းချင်း ချိတ်ဆက်မှုလည်းမရှိ။ ချိတ်ဆက်မှုအားနည်းသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုးစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ ပြောင်းဖူးနှင့် ဆောင်းသီးနှံ ကျေးရွာတွင် လယ်**၁၃၅ ဧကနှင့် ကိုင်း/ကျွန်းမြေ (၁၅၈)ဧက** ရှိသည်။ **စိုက်ပျိုးမြေများအားလုံးသည်**

မြေဆီလွှာအရည်အသွေးသင့်သည်။လယ်များမှာမိုးရေကို အားကိုးစိုက်ပျိုးနေကြရပြီးကျေးရွာ၏ အနိမ့်ပိုင်းလယ်များသည် မိုးရာသီတွင် ရေလွှမ်းခြင်းကြောင့် စပါးများပုပ်ပြီး ကောက်ပြန်စိုက်ရသည့် အခက်အခဲများ ကြုံတွေ့နေရပါသည်။ စပါးတစ် ဧက အနည်းဆုံး တင်း (၃၀) မှ အများဆုံးတင်း (၄၀) ရှိပြီး ပျမ်းမျှ တစ်ဧက (၃၅) တင်းနှုန်းထွက် သည်။ မိုးစပါးကို ဇူလိုင် လတွင် စတင်ပျိုးထောင် စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။

ပြောင်းဖူးကို ဧပြီ/မေလများတွင်စတင် စိုက်ပျိုးကြပြီး ဇွန်/ဇူလိုင်လများတွင် ရိတ်သိမ်းကြသည်။ တစ်ဧက အနည်းဆုံး (၅၀) တင်းမှ အများဆုံး (၇၀) တင်းထွက်ရှိပြီး ပျမ်းမျှ တစ်ဧက (၆၀) တင်းနှုန်း ထွက်သည်။

ဆီမုံညှင်းနှင့် ပန်းနှမ်းကို နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မတ်လတွင် ရိတ်သိမ်းကြသည်။ တစ်ဧ အနည်းဆုံး (၈) တင်းမှ အများဆုံး တစ်ဧက (၅၀) တင်းနှုန်းထွက်သဖြင့် ပျမ်းမျှအထွက်နှုန်း (၂၉) တင်းနှုန်းထွက်သည်။

ဟင်းသီးဟင်းရွက်များကိုစီးပွားဖြစ်စိုက်ပျိုးလေ့မရှိဘဲ အိမ်စားသုံးရန်အတွက်လောက်သာ စိုက်ပျိုးလေ့ရှိကြသည်။

စပါး၊ ဟင်းသီးဟင်းရွက်စသည်တို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ် ရရှိမှုနည်းပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော ဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့်အတွက် လူငယ်များသည် ပြင်ပသို့ ထွက်၍ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။

ကျေးရွာတွင် မြေယာမဲ့ ၁၃ အိမ်၊ ဆင်းရဲသားတောင်သူ ၁၅ အိမ်၊ တောင်သူ ငယ်၂၄ အိမ်၊ တောင်သူလတ် ၁၃ အိမ်နှင့် တောင်သူကြီး ၁၂ အိမ်ရှိသည်။ ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ သစ်ဆုံးကျေးရွာတွင် နွား ၁၄၉ကောင်၊ကျွဲ၁၄၀ကောင်၊ဝက်၉၀ကောင်၊ကြက်၁၀၅၄ကောင်မွေးမြူကြသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် သောက်ရေတွင်း(၁၄၈) တွင်း၊ အဝီစိတွင်းစက်တပ် ၁၂ တွင်း၊ အဝီစိတွင်းတုံကင် (၇၄) နှင့် ချောင်းရေအသုံးပြုသူ(၁၆၆)အိမ်ထောင်စုရှိသော်လည်း ရေအရည်အသွေး ကောင်း/မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်သည်။

ကျေးရွာတွင် အလယ်တန်းခွဲကျောင်းအဆင့်ထိရှိပြီး ကျောင်းသားဦးရေမှာ ၇၃ ဦးရှိသည်။ ကျောင်းသားအရေအတွက်မှာ မူလတန်း (၆၈)နှင့် အလယ်တန်း (၉၅)ဦးရှိသည်။

ရွာတွင်းလမ်းများမှာ မြေသားလမ်း၊ မြေနီလမ်းဖြစ်ပါသည်။ နွေနှင့်ဆောင်းတွင် သွားလာရ အသင့် အတင့် အစဉ်ပြေသော်လည်း မိုးတွင်းအခါတွင် ရွံ့ဗွက်ထသဖြင့် အလွန်သွားလာရ ခက်ခဲသော လမ်းဖြစ်ပါသဖြင့် အလွန်ညံ့သောလမ်းဟု ဆိုရပါမည်။ လမ်းအရှည်မှာ ၃မိုင်ခန့်ရှိပါသည်။

ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါများ ဖြစ်သည်။ အခြားရောဂါများ အနည်းငယ်ရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိခြင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းများရှိခြင်းကြောင့် အချိန်မှီဆေးရုံ ၊ဆေးပေးခန်းများသို့ ကူညီပို့ဆောင်ပေးနိုင်သဖြင့် အသက်ဆုံး ရှုံးမှုမရှိပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ မိခင်နှင့်ကလေးစောင့် ရှောက်အဖွဲ့များ၏ ကျန်းမာရေးပညာရေး ဟောပြောမှုများကြောင့် ယခင်အိမ်သာမရှိသောအိမ်များပင် ယင်လုံအိမ်သာ(ရေလောင်းအိမ်သာ)များ အသုံးပြုနေကြပြီး ကျေးရွာတွင် ယင်လုံ / ရေလောင်းအိမ်သာ သုံးစွဲသူ(၁၆၆) ရှိသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြုနိုင်ခြင်း မရှိသေးပါ။ ဆိုလာသုံးစွဲသူ အိမ်ထောင်စု (၁၄၇) ရှိပြီး ဆိုလာစနစ်သုံးစွဲသူများမှာ ရာသီဥတုမကောင်းပါက ဆိုလာအား မပြည့်ပါ။ ဆိုလာမီးမှာ စာကြည့်မီးအတွက်သာ သုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြုမရနိုင် သောကြောင့်အခက်အခဲများ ရှိသည်။

ကျေးရွာ နှင့်အနီးဆုံးဈေးမှာ မံစီဈေးဖြစ်ပြီး ၂၈မိုင်ခန့်ဝေးသည်။ ကျေးရွာမှထွက်သော စပါး၊ ပဲ ပြောင်းစသော ကုန်စည်များများရောင်းမည်ဆိုပါက ကျေးရွာမှ မိုင်(၂၀)ကျော်ခန့် ကွာဝေးသော ဗန်းမော် ဈေးသို့ ကား၊ ထော်လာဂျီများကိုငှား၍ သွားရောင်းရပါသည်။ ရောင်းချမည့် ကုန်စည်များ ပို့ဆောင်ရာ တွင် လမ်းပမ်းဆက်သွယ်မှု မကောင်းခြင်းကြောင့် တန်ဆာခ နှင့်ငှားရမ်းခမှာ များစွာပေးရသည်။ ထို့ ကြောင့် ဈေးကွက်သို့ ချောမွေ့စွာ ရောက်ရှိနိုင်ရန်အတွက် လမ်းကောင်းရန်လိုအပ်ခြင်းနှင့် ကျေးရွာ နှင့် သိပ်မဝေးသောနေရာ၌ ဈေးကွက်တစ်ခုရှိထားနိုင်ရန်လိုအပ်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ကျေးရွာတွင် အစိုးရ စိုက်ပျိုးရေးဘဏ်မှ ချေးငွေ ရရှိသည်။ ပုံစံ ၇ ရှိသောလယ်တစ်ကေလျှင် ၁၅၀၀၀၀ ကျပ်နှင့် အများဆုံး ၁၀ ကေအထိသာ ချေးငွေရနိုင်သည်။ အတိုး ၈၀ ပြားတိုး၊ ချေးငွေကာလ ၆-၈ လဖြစ်သည်။ စိုက်ဘဏ်ချေးငွေမှာ အတိုးနှုန်း သက် သာသော်လည်း စိုက်ပျိုးချိန် မီချေးငွေမရရှိ ကာလတိုချေးငွေဖြစ်သည်။သီးနှံအောင်မြင်သည်ဖြစ်စေ၊မအောင်မြင်သည်ဖြစ်စေသတ်မှတ်ထားချိန်တွင် မဖြစ်မနေ ပေးဆပ်ကြရသည်။ သီးနှံအောင်မြင်ပါကလည်း မိမိတို့သီးနှံကို ဈေးကောင်းမစောင့်နိုင်ဘဲ သတ်မှတ်ကာလတွင်ပေးဆပ်နိုင်ရန်ရောင်းချကြရသဖြင့် တောင်သူများအတွက် အကျိုးရှိမှုနည်းသည်။ ချေးငွေပမာဏမှာလည်း ကုန်ကျစရိတ်လုံလောက်မှု မရှိသောကြောင့် ကျန်လိုအပ်သော အရင်းအနှီး အချို့ကို ပြင်ပငွေချေးသူများထံမှ အတိုးနှုန်းမြင့်မားစွာ ထပ်မံချေးယူ စိုက်ပျိုးကြရသည်။

မြစိမ်းရောင်ချေးငွေမှာ အတိုးနှုန်းသက်သာသည်။ အပေါင်ခံမလိုသော်လည်း ကာလတို ချေးငွေ ဖြစ်ပြီး ချေးငွေ လုံလောက်မှုမရှိသေးပါ။ ထို့ကြောင့် တောင်သူများနှင့် သင့်လျော်သော အတိုးနှုန်း သက်သာသည့် နှစ်ရှည်ချေးငွေပံ့ပိုးပေးရန် တင်ပြကြသည်။

**(င) ပညာရေး**

ကျေးရွာတွင် အလယ်တန်းခွဲကျောင်းအဆင့်ရှိပြီး မူလတန်းနှင့် အလယ်တန်းကျောင်းသား ဦးရေမှာ ၁၆၃ရှိသည်။ ကျောင်းသုံးစားပွဲ၊ ကုလားထိုင်များ လုံလောက်မှုမရှိသေးသဖြင့် ရပ်ရွာကျောင်း ကော်မတီများ၊ မိဘဆရာအသင်းများမှ ကူညီပံ့ပိုးထားရှိသည်။ ကျောင်းအိမ်သာအခြေအနေ အသင့် အတင့် ကောင်းမွန်သော်လည်း လုံလောက်မှုမရှိပါ။ဆရာ/ဆရာမ လုံလောက်မှုရှိသည်။

မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ်မရှိပါ။ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာ လုံလောက်မှုရှိသည်။ ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့် ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းလုံလောက်မှု မရှိပါ။ မိဘဆရာ အသင်း၏ အခန်းကဏ္ဍ အသင့်အတင့်သာ ကောင်းသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာ နိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

**(စ) ကျန်းမာရေး**

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေး အဖြစ် များသည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှ တဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှုနိမ့်သည်။ ဟင်း ချိုမှုန့် အလွန်အကျွံသုံးခြင်း၊ ဓါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ရွက်နှင့် အသီးများ၊ အရောင် ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ ကျင့်ခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင်ရောဂါ (ဘီ၊စီ) မှာလည်း အသက် ရှူလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများနှင့် အတူသုံးစွဲရာ မှတဆင့် အလွယ်တကူ ကူးစက်နိုင်သော ကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ်များသည်။ ကျေး ရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံး ကရိယာများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီသြဇာ အခြေအနေတွင် ရွှေ့ ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီသြဇာ လျော့

နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှုမြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှု မြင့်သည်။ စည်းကမ်းကဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် အခြားတောရိုင်းတိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျီ၊ တောဝက်၊ တောကြောင် အနည်းငယ်သာရှိပြီး ရှားပါးလာသည်။ မိုးရာသီတွင် မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနှစ်မြှပ်ခံရသောကြောင့် အချို့ တောင်သူ များ၏ စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ ကြရသည်။

**(၉) ကျား – မ ရေးရာ**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု ခေါင်းဆောင်မှု မရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြှောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံကြည်မှုအားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းနှင့် ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးလုပ် အားခတန်းတူရကြပြီး ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူမရကြပါ။ ၄င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းသည် လုပ်အားခ ဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ ၇၀၀၀ ကျပ်အထိနှင့် အမျိုးသမီးများ တစ်ရက် လုပ်အားခ ၅၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်း တူ ရသည်ဟု ဆိုနိုင်ပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ အဖွဲ့အစည်းဆိုင်ရာစွမ်းရည်မြှင့်တင်ရေး | ၆ |
| ၂ | ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မူလတန်းကျောင်း အုတ်တံတိုင်းကာရံခြင်း | ၇ |
| ၃ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ကျေးရွာစာကြည့်တိုက်ထူထောင်ခြင်း | ၃ |
| ၄ | လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ရွာတွင်းလမ်းပြုပြင်ခြင်း/အဆင့်မြှင့်တင်ခြင်း<br>၂။ ကျေးရွာခန်းမဆောင် အဆင့်မြှင့်တင်ခြင်း | ၁<br>၂ |
| ၅ | အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အလှပြင်သင်တန်း<br>၂။ စက်ချုပ်သင်တန်း<br>၃။ ဆိုင်ကယ်၊ ကား စက်ပြင်သင်တန်း<br>၄။ ပန်းအလှပြင်သင်တန်း<br>၅။ လက်သမား/ပန်းရံသင်တန်း | ၆ |
| ၆ | လျှပ်စစ်မီးဖွံ့ဖြိုးရေးစီမံကိန်း | ၁။ လျှပ်စစ်မီးရရှိရေး | ၅ |

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ၁။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု | | | | | |
| ကျေးရွာရှိအဖွဲ့အစည်းများ စွမ်းဆောင်ရည်အားနည်းသည်။ | ခေါင်းဆောင်တစ်ဦးတည်းကသာ ဆုံးဖြတ်ချက်ချမှတ်ပြီး ကျန်ရွာသူ/သားများက လိုက်လုပ်နေရခြင်း။ အဖွဲ့အစည်းဆိုင်ရာအခြေခံသဘောတရားနှင့်ဆိုင်သော ဗဟုသုတအားနည်းခြင်း | ကျေးရွာတွင်ကျေးရွာ၏ဖွံ့ဖြိုးရေးကို သီးခြားစီးတာဝန်ခွဲလုပ်ကိုင်နေကြသော အဖွဲ့အစည်းများစွာရှိ သည်။ | | | **အဖွဲ့အစည်းဆိုင်ရာ စီမံ ခန့်ခွဲမှု ဖွံ့ဖြိုးရေး သင်တန်း များ**<br>၁။ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်တင်မှု သင်တန်း |
| ၂။ ကဏ္ဍ – ပညာရေး | | | | | |
| စာသင်ကျောင်းလုံခြုံမှုမရှိခြင်း | ခြံစည်းရိုးများမကောင်း၍ ပျက်စီးခြင်း | ကျေးရွာတွင်းမှ သဲရရှိနိုင် | ကျောင်းရန်ပုံငွေမရှိခြင်း | ပညာရေးဌာနသို့ အခက်အခဲ များ တင်ပြခြင်း။ | **ပညာရေးဖွံ့ဖြိုးမှုစီ မံကိန်း**<br>၁။ စာသင်ကျောင်း အုတ်တံတိုင်းကာရံခြင်း |
| ၃။ ကဏ္ဍ– လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | | | | | |
| စာပေအသိ | စာကြည့်တိုက်မရှိခြင်း | ဆောက်လုပ်ရန်မြေနေရာ | ကုန်ကျစရိတ်မတတ် | လေ့လာသင်ယူနိုင်မည့် | ၁။စာကြည့်တိုက် |

| | | | | | |
|---|---|---|---|---|---|
| ပညာဗဟုသုတလွန်စွာအားနည်းခြင်း | | ရှိ | နိုင်ခြင်း | အစီအစဉ်များထားရှိခြင်း | ထူထောင်ခြင်း |
| **၄။ ကဏ္ဍ – လမ်းတံတားနှင့် အခြေခံအဆောက်အဦးများဖွံ့ဖြိုးရေးစီမံကိန်း** | | | | | |
| ကျေးရွာတွင်လမ်းများပျက်စီးခြင်း | မိုးရေများဝပ်၍ ရေအိုင်ပြီး ကျောင်းသားများ သွားလာရခက်ခဲခြင်း | ကွန်ကရစ်လမ်းခင်းရန် ကျေးရွာတွင်းသဲများရရှိနိုင်၊ရွာမှလုပ်အားရရှိနိုင် | ကုန်ကျစရိတ်မတတ်နိုင်ခြင်း | ကျေးလက်ဦးစီးဌာနသို့ တင်ပြ အကူအညီတောင်းခံခြင်း | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း |
| စာသင်ကျောင်းလုံခြုံမှုမရှိခြင်း | ခြံစည်းရိုးများမကောင်း၍ ပျက်စီးခြင်း | ကျေးရွာတွင်းမှ သဲရရှိနိုင် | ကျောင်းရန်ပုံငွေမရှိခြင်း | ပညာရေးဌာနသို့ အခက်အခဲ များ တင်ပြခြင်း။ | ၁။ စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း |
| **၅။ ကဏ္ဍ– အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ ဖြိုးရေးစီမံကိန်း** | | | | | |
| ကုန်ထုတ်လုပ်မှုနှင့် မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေနည်းပါးခြင်း | အသက်မွေးဝမ်းကျောင်း နည်းပညာ ဖွံ့ ဖြိုးမှု အားနည်း သည်။ | နည်းပညာသင်ယူရန် လူ့အရင်းအမြစ်ရှိခြင်း၊အသက်မွေးဝမ်းကျောင်း နည်းပညာ ပံ့ ပိုးပေးသော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ ဒေသအတွင်း ရှိသည်။ | သင်တန်းတက်ရောက်ရန် ကုန်ကျမှု ငွေကြေးမတတ်နိုင် ကြပါ။ | ကျေးလက်ဦးစီးဌာနမှတဆင့် စိုက်ပျိုးရေးဌာနသို့ တင်ပြ အကူအညီတောင်းခံခြင်း | ၁။ အလှပြင်သင်တန်း<br>၂။ စက်ချုပ်သင်တန်း<br>၃။ ဆိုင်ကယ်၊ ကား စက်ပြင်သင်တန်း<br>၄။ ပန်းအလှပြင်သင်တန်း<br>၅။ လက်သမား/ ပန်းရံသင်တန်း |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | ဂုန္နိစို့အရွယ် | ၄၈ | ၅ | ၅၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၀၉ | ၁၈ | ၁၂၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၇ | ၃၁ | ၆၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၃ | ၅၂ | ၉၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၇၃ | ၂၆၈ | ၅၄၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၂၀ | ၂၈ |
| **စုစုပေါင်း** | | **၅၀၈** | **၃၆၇** | **၉၁၂** |
| **စုစုပေါင်း အိမ်ထောင်စု (၁၉၅)အိမ်** | | **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၆၇** | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၉၅ရှိပြီး လူဦးရေပေါင်း ၉၁၂ (ကျား ၅၀၈ + မ ၃၆၇) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၄.၆၇ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် နည်းသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ် စုစုပေါင်း ၅၃ ဦး၊ ၅.၈၁% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း တက်လာနေသည်ကိုတွေ့ရသည်။ ၅ နှစ်အောက်ကလေး **၁၂၇** ဦး **(၁၃.၉၂%)** ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး **၆၈** ဦး (ကျား **၁၃၇**+မ**၃၁**) နှင့် အလယ်တန်းကျောင်း သားအရွယ် **၉၅** ဦး (ကျား **၄၃**+မ **၅၂**) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် **၅၄၁**(ကျား **၂၇၃**+ မ **၂၆၈**)၊ (**၅၉.၃၂**%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များ ပြားသည်ကို တွေ့ရသည်။ ၎င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အ ထောက် အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး **၂၈** ဦး (ကျား **၈**+မ **၂၀**) ဦး (၃.၀၇%) ရှိသည်။ ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရသည်။

**(၂) သဘာဝရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၅၆ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | |
| ဥယျာဉ်ခြံမြေ | | |
| ကိုင်း/ကျွန်းမြေ | ၁၅၈ | ကောင်း ☐ သင့်☒ ညံ့☐ |
| ဓနိတောမြေ | | |
| စားကျက်မြေ | | |
| မြေလွတ် မြေလပ် | ၁၃၄ | ကောင်း ☐ သင့်☒ ညံ့☐ |
| စုစုပေါင်း | ၆၄၈ | |

**ရင်းမြစ် … (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်(၃၅၆)ဧက၊ သခွား၊ဂေရုတ်၊ပြောင်းဖူး ဆောင်သီးနှံ စိုက်ပျိုးနိုင် သော ကိုင်း/ကျွန်းမြေ(၁၅၈)ဧက နှင့် ပလပ်မြေ (၁၃၄)ဧကရှိသည်။ မြေဆီလွှာအသင့်အတင့်ရှိသည်။

## (၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(သတ္တု၊ကျောက်မျက်၊ ကျောက်၊ သဲ၊ ကျောက်စရစ်) စသည်များ | သဲ (သင့်) | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝ အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော) | သင့် | လွယ် |
| **ပျှမ်းမျှအပူချိန်** | **ပျှမ်းမျှမိုးရေချိန်– ၆၀· မှ ၈၀·** | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် ချောင်းဘေးတွင်ရှိသောရွာဖြစ်သဖြင့် သဲ၊ ကျောက်များကို အလွယ်တကူရရှိနိုင်ပါသည်။ သို့သော်ကျောက်ကြီးများကိုအလွယ်တကူ မရနိုင်သဖြင့်

အခြားဒေသများမှဝယ်ယူရသည်။ ရွာ၏ ပတ်ဝန်းကျင်တောင်များမှ တောဝက်၊ တောကြောင် နှင့် ဂျီများကိုလည်း ရံဖန်ရံခါ တွေ့မြင်ရရှိပါသည်။ အပင်မျိုးစိတ်များအနေဖြင့် လူနှင့် တိရိစ္ဆာန်တို့အတွက် အလွန်အသုံးဝင်သော ဆင်တုံးမနွယ်ပင်စသော အပင်များကိုလည်း ရရှိနိုင်သည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အသင့်အတင့်ရှိ |
| ၂ | လူငယ်အဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐<br>ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်(၂၀)နှင့်အထက်ရှိပြီး စွမ်းဆောင်ရည်အသင့်အတင့်ရှိ |
| ၃ | မိခင်နှင့်ကလေးကျန်းမာရေး | ၁☐ ၂☐ ၃☒ | ပညာရေး ☐<br>ငွေကြေး<br>ကျန်းမာရေး☒<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၄ | မြစိမ်းရောင် | ၁☒ ၂☐ ၃☐ | ပညာရေး ☐<br>ငွေကြေး☒<br>ကျန်းမာရေး ☐<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၅ | ပေါ်ခိန် မယ်ခိန်အဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး ☐<br>ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၆ | အမျိုးသမီး ရေးရာ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး<br>ကျန်းမာရေး☒<br>ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ |
| ၇ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂☐ ၃☒ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐<br>ဘာသာရေး ☒ | အဖွဲ့ဝင်(၁၇)ဦးရှိပြီး စွမ်ဆောင်နိုင်မှု အသင့်အတင့်ရှိ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည်အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်း အဖွဲ့ပေါင်း (၈) ဖွဲ့ရှိပြီး စီးပွါးရေးကို အခြေခံသောအဖွဲ့ ၁ဖွဲ့ရှိပြီး လူမှုရေးနှင့် ဘာသာရေးပူးတွဲလုပ်နေသောအဖွဲ့ ၆ ဖွဲ့ရှိသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် UNHabbitat အဖွဲ့လည်းရှိသည်။၄င်းကျေးရွာတွင်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှမိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ပြင်ပမှလုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု အပြန်အလှန်ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်းအားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှု မရှိကြပါ။

(၄) **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(၄-၁) **ဥစ္စာခနေအဆင့်အခြေအနေ**

**ဇယား (၅)** ဥစ္စာခနေအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | **၆၇ဧက** | **၁၃၂ဧက** | **၃၅၀ဧက** | **၂၆၆ဧက** |
| အိမ်အခြေအနေ | **တိုက်ခံ/သွပ်မိုး** | **ပျဉ်ထောင်/သွပ်မိုး** | **သွပ်မိုး/ထရံကာ** | **သွပ်မိုး/ထရံကာ** |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | – | – | – | – |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ယာ(ကပ) | လယ်ယာ(ကပ) | လယ်ယာ(လသ) | လယ်ယာ(လသ) |
| **အိမ်ထောင်စု (၁၅၆)** | ၁၂ | ၁၃ | ၂၄ | ၂၈ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ခြေ ၁၅၉အိမ်ရှိပြီး အဆင့် ၁ (၆) အိမ် ( ၃.၇၇ %)၊ အဆင့် ၂ (၁၉)အိမ် (၁၁.၉၄%)၊ အဆင့် ၃ (၆၀) အိမ် (၃၇.၇၃%)နှင့် အဆင့် ၄ (၇၄) အိမ် (၄၆.၅၄%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်း

များပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့် ခွဲရာတွင် အဓိက အရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာ နည်းပြီး ၁၅၉ အိမ်ထောင်စုအနက် (၂၅) အိမ်သာ ရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြသော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၁၅၉ အိမ်အနက် ၁၃၄အိမ်ရှိသည်။ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။

## (၄-၂) သီးနှံထုတ်လုပ်ရေး

## (၄-၂) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | ၄၃ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၃၄ | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၇ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၁၅၉ | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မြေယာမဲ့ ၆၁ အိမ်၊ ဆင်းရဲသားတောင်သူ ၂၀အိမ်၊ တောင်သူငယ် ၄၃အိမ်၊ တောင်သူလတ် ၃၄ အိမ်နှင့် တောင်သူကြီး ၇ အိမ်ရှိသည်။ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်သည် အရေအတွက်အားဖြင့် (၁၂၄) ဦးရှိသော်လည်း မြေယာပိုင် ဆိုင်မှုမှာ နည်းပြီး တောင်သူလတ်နှင့် တောင်သူကြီးမှာ အရေအတွက်မှာ (၄၁) အိမ်သာရှိပြီး နည်းသော်လည်း မြေယာပိုင်ဆိုင်မှု အလွန်များသည်ကို တွေ့ရသည်။ မြေယာပိုင်ဆိုင်မှု မညီမျှမှုရှိကြောင်းတွေ့ ရသည်။

## (၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| စပါး | ၂၆၆ | တင်း | ၆၀ | ၈၀ | ၇၀ | ဇူလိုင်လ | နိုဝင် | မြင့်☐ လတ်☒ နိမ့်☐ | မြင့်☐ လတ်☒ နိမ့်☐ |
| ပြောင်း | ၁၂၁.၅ | တင်း | ၃၀ | ၇၀ | ၆၀ | ဧပြီလ | ဇွန်/ဇူလိုင်လ | မြင့်☐ လတ်☐ နိမ့်☒ | မြင့်☒ လတ်☐ နိမ့်☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါးနှင့်ပြောင်းတို့ဖြစ်ပါသည်။ စပါးစိုက်ဧကပေါင်း (၂၆၆) ဧကရှိပြီး ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာ လတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံးထွက်နှုန်းမှာ တဧက တင်း ၆၀ မှ အများဆုံး တင်း ၈၀ နှင့် ပျမ်းမျှ ၇၅ တင်းနှုန်းထွက်သည်။ သွင်းအားစု လိုအပ်ချက်မှ အသင့်အတင့် ဖြစ်ပြီး အမြတ်ရရှိနိုင်မှု နိမ့်သည်။

ပြောင်းဖူးစိုက်ဧကမှာ ၁၂၁.၅ ဧကခန့်ရှိပြီး ဧပြီနှင့်မေလတို့တွင် စတင်စိုက်ပျိုးပြီး ဇွန်နှင့် ဇူလိုင်လ တို့တွင် ရိတ်သိမ်းကြသည်။ တစ်ဧက အနည်းဆုံး တင်း ၃၀ မှ အများဆုံး တင်း ၇၀၊ ပျမ်းမျှ ၆၀ တင်းနှုန်း ထွက်သည်။ ဈေးကွက်အလုံအလောက်ရှိပြီး အမြတ်အစွန်း ကောင်းစွာ ရရှိသည်။

## (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၁၀၁ | ၆၀၃ |
| **နို့စားနွား** | – | |
| **ကျွဲ** | ၃၉ | ၂၂၈ |
| **မြင်း** | – | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မြည်း | - | |
| လား | - | |
| ဆိတ် | - | |
| သိုး | - | |
| ဝက် | ၅၀ | ၁၁၁ |
| ကြက် | ၉၃ | ၉၇၁ |
| ဘဲ | - | |
| နွားနောက် | - | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | |
| ပုဇွန်ကန် | - | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | |

ရင်းမြစ်... (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ နွားကို ၁၀၁အိမ်မှ ၆၀၃ ကောင်၊ ကျွဲကို ၃၉ အိမ်မှ၂၂၈ ကောင်၊ ဝက်ကို ၅၀အိမ်မှ ၁၁၁ ကောင်၊ ကြက်ကို ၉၃ အိမ်မှ ၉၇၁ ကောင် မွေးမြူကြသည်။ ကျွဲ၊နွားများကို လယ်၊ ယာ၊မြေထွန်ယက်စိုက်ပျိုးရန်အတွက်သာမွေးမြူကြသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

**ဇယား (၉)** စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ(ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု(နိမ့်၊ လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | ၃ | ၁ | - | နိမ့် |
| ၅ | ယဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၃ | - | - | လတ် |

| | | | | | |
|---|---|---|---|---|---|
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေးသိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | ၃ | - | - | မြင့် |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း | - | - | - | - |
| ၁၂ | ပညာရေး | - | - | - | - |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေးလုပ်ငန်းများ | ၅ | - | - | လတ် |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဆောက်လုပ်ရေး၊လက်သမားနှင့် ပန်းရံလုပ်ငန်းလုပ်ကိုင်သူဦးရေ မှာ(၃)ဦးရှိပါသည်။ ၎င်းတို့သည် ကျေးရွာတွင်သာ အဓိကလုပ်ကိုင်ကြပါသည်။လက်လီ၊လက်ကားရောင်းဝယ်သော ဈေးဆိုင်(၃)ဆိုင်ရှိ၍ စီးပွားဖြစ်မှုတွင် အသင့်အတင့်သာရှိပါသည်။ချေးငွေဝန်ဆောင်မှုလုပ်ငန်း (၃)ခုရှိ၍ အဖွဲ့အစည်း(၃)ခုမှ ချေးပေးပါသည်။လူမှုရေးလုပ်ငန်းအရေအတွက် (၅)ခုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

#### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | မံစီမြို့ | ဗန်းမော်မြို့ |
| **ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☒ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☒ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐ |
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် လှေ ☐ စက်လှေ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ နှင့်အနီးဆုံးဈေးမှာ မံစီဈေးဖြစ်ပြီး ၁၀မိုင်မှ ၂၈မိုင်ခန့်အထိကွာဝေးပါသည်။ကျေးရွာမှ ထွက်သောစပါး၊ ပြောင်းများစသော ကုန်စည်များကို ရောင်းမည်ဆိုပါက ကား၊ထော်လာဂျီများကို ငှား၍ အသုံးပြုရပါသည်။ ရောင်းချမည့်ကုန်စည်များကို ပို့ဆောင်ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ လမ်းမကောင်းမှုကြောင့် ကုန်စည်တန်ဆာခများ များစွာပေးရပါသည်။ ထို့ကြောင့်

ဈေးကွက်သို့ ချောမွေ့စွာ သွားလာနိုင်ရန် လမ်းကောင်းမွန်ရန်နှင့် ကျေးရွာနှင့်နီးသော ဈေးကွက်များ ဖော်ထုတ်ပေးရန်လိုအပ်ကြောင်းတွေ့ရှိ ရပါသည်။

အကြီးစားဈေးမှာ ဇန်းမော်မြို့တွင် တည်ရှိပြီး ကား၊ထော်လာဂျီများကို စင်းလုံး ငှါး သွားလာကြရသောကြောင့် ကုန်ကျစရိတ်များသည်။ အကယ်၍ အများပြည်သူသွားလာရန် ဘတ်စ် ကားလိုင်းပြေးဆွဲပေးနိုင်ပါ သယ်ယူစရိတ်သက်သာလာမည်ဖြစ်သည်။ ဇန်းမော်ဈေးတွင် ကုန်မျိုးစုံ လိုသလောက် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး တစ်နေကုန်ရောင်း၊ ဝယ်နိုင်သဖြင့် ဈေးအဆောက်အဦ နှင့် ဝန်ဆောင်မှုကောင်းသည်။

## (၅-၂) ကျေးရွာ၏ လမ်းပမ်းဆက်သွယ်ရေး အခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☒ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☒ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☒ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☒ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့ ☒ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☒ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☒ |
| ရွာချင်းဆက်လမ်း | ၁☒ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☒ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☒ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☒ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းလမ်းများမှာ မြေသား(မြေနီ)လမ်းဖြစ်ပါသည်။ နွေနှင့်ဆောင်း တွင် သွားလာရန်အဆင်ပြေသော်လည်း မိုးတွင်းအခါတွင် ရွှံ့ဗွက်လမ်း အသွင်းပြောင်းပြီး အလွန်သွား လာရခက်ခဲပါသည်။ ရွာတွင်းလမ်းအရှည်မှာ ၁-၅မိုင် ခန့်ရှိပါသည်။ ရွာချင်းဆက်လမ်းမှာ ကျောက်ခင်း လမ်းဖြစ်ပြီး နေရာတော်တော်များများတွင် ချိုင့်များဖြစ်ပြီးသွားလာရအဆင်မပြေပါ။

## (၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

**ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး** (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☒ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☒ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းအသုံးမပြုပါ။

## (၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | လှေ၊ သမ္ဗာန် | စက် လှေ | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် | ထော် လာဂျီ | ကား | မြင်း လှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၄ | ၃ | ၅၂ | ၂၀၉ | | ၄ | ၂၁ | | ၄၅ |

**ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေ၊သမ္ဗာန် (၄)စီး၊ စက်လှေ(၃)၊စက်ဘီး(၅၂)စီး၊ မော်တော်ဆိုင်ကယ် ၂၀၉စီး၊ ထော်လာဂျီ ၄ စီးနှင့်ကား ၂၁ စီးနှင့် နွားလှည်း(၄၅)ရှိသည်။ သယ်ယူပို့ဆောင်ရေးတွင်ယာဉ်လုံလောက်မှု ရှိသော်လည်းသွားလာရန် လိုအပ်ပါက စင်းလုံးငှါးသွားလာနေရသောကြောင့် ကုန်ကျစရိတ်များသည်။ အချိန်မရွေးအရေးပေါ်သွားလာရန်လိုအပ်ပါက အခက်အခဲရှိသည်။ ၎င်းအပြင် အချို့လူများအလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် သုံးဘီးဆိုင်ကယ် ထူထောင်လိုသော်လည်း အရင်းအနှီးမရှိသောကြောင့် ထူထောင်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် အများပြည်သူသုံး ဘတ်စ်ကားလိုင်းပြေးဆွဲပေးပါရန်နှင့် သုံးဘီး ဆိုင် ကယ်ထူထောင်ပေးပါရန် တင်ပြအပ်ပါသည်။

## (၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၁၄၇ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၈ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၄၈ |

**ရင်းမြစ်**… (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး အသုံးပြုနိုင်ခြင်း မရှိသေးပါ။ ဆိုလာသုံးစွဲသူ အိမ်ထောင်စု (၁၄၇) ရှိပြီး ဆိုလာစနစ်သုံးစွဲသူများမှာ ရာသီဥတုမကောင်းပါက ဆိုလာအား မပြည့်ပါ။ ဆိုလာမီးမှာ စာကြည့်မီးအတွက်သာသုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြုမရနိုင်သောကြောင့် အခက်အခဲများ ရှိသည်။

## (၅-၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၂၉၅ | ၈ | ၂၃ |

**ရင်းမြစ်**… (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၁၂၉ လုံးရှိပြီး အမ်ပီတီ နှင့် တယ်လီနော ၂ မျိုးစလုံးလိုင်းမိ၊ လိုင်းကောင်းသည်။ တယ်လီဖုန်းကို အိမ်တိုင်းလိုလို အ သုံးပြုနိုင်ကြပြီး အင်တာနက်လိုင်းအသုံးပြုကြသော်လည်း ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာကဲ့သို့ လူမှုကွန်ယက် များကိုသာ အသုံးပြုကြသည်။ အရေးကြီးသည့် သတင်း၊နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားလေ့လာ စရာ များကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်းမရှိကြသေးပါ။

## (၆)ပညာရေး

### (၆-၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၇ | ၃၁ | ၆၈ |
| အလယ်တန်း | ၄၃ | ၅၂ | ၉၅ |
| အထက်တန်း | | | |
| တက္ကသိုလ်/ကောလိပ် | | | |

**ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မူလတန်းကျောင်းတက်ရောက်သူ၆၈ ဦး၊အလယ်တန်းကျောင်းတက်ရောက်သူ၉၅ဦးရှိသည်ကိုကြည့်ခြင်းဖြင့် ကျေးရွာ၏ကျောင်းတက်နှုန်းနှင့် ပညာရေးအခြေအနေမှာ အသင့်အတင့် ရှိ ကြောင်းတွေ့ရသည်။

## (၆-၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☒<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☒<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☒ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ | လုံလောက်မှုရှိသည်☒ | လုံလောက်မှုရှိသည် | လုံလောက်မှုရှိသည်☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| လုံလောက်မှု | မလုံလောက်ပါ ☐ | | | ☐ မလုံလောက်ပါ ☐ | | | မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☒ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☒ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | | | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**လေ့လာတွေ့ရှိချက်။** ။ စာသင်ကျောင်းဆောင်အခြေအနေမှာ သွပ်မိုး ၊ အုတ်ကာ ၊ ကွန်ကရစ်ခင်း (၁)ထပ်ဆောင်ဖြစ်ပါသည်။ စာသင်ကျောင်းမှာ ကျေးရွာအတွင်းတွင်ရှိ၍ ကျောင်းသား/သူများ ခြေလျင် တက်ရောက်ကြပါသည်။ ကျောင်းသုံးစားပွဲ၊ ကုလားထိုင်များ လုံလောက်မှု မရှိသေးသဖြင့် ရပ်ရွာ ကျောင်းကော်မတီများ ၊မိဘဆရာအသင်းများ မှ ကူညီပံ့ပိုးပေးမှုများလည်းတွေ့ရပါသည်။

## (၇) ကျန်းမာရေး

### (၇-၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| *စဉ်* | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☒ |
| *၃* | ငှက်ဖျား | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☒ |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☒ |
| *၆* | တီဘီ | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၇* | ဆီးချို | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၈* | သွေးတိုး | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☒ |
| *၁၀* | အာဟာရ ချို့တဲ့မှု | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☒ |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှု နိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူး စက်ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ် ပွါးမှု နိမ့်သည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟု သုတလည်း အား နည်းသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေး သင်တန်း ၊ ကျန်းမာရေး လေ့ကျင့်ခန်းသုံးကရိယာများ လိုအပ်လျက်ရှိသည်။

## (၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | ✓ | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။**

## (၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☒ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐ | ရှိ ☒<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☒ | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ဆေးခန်းရှိသည်။ အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် အရံသားဖွား တက်ရောက်ပြီး သူရှိသည်။ တိုက်နယ်ဆေးရုံမရှိ၊ မြို့နယ်ဆေးရုံမှာ မံစီမြို့တွင်တည်ရှိပြီး ၂၈ မိုင်ကျော် ကွာဝေး သည်။ လမ်းမကောင်း၊ အရေးပေါ်သွားလာရန် ယဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများ အတွက် များစွာအခက်အခဲရှိသည်။ ထို့ကြောင့် အရေးပေါ် ယဉ်လိုအပ်သည်။

**(၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

(၇-၄-၁) **သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း (၁၀၁) | ၁၄၈ | ရှိ☐ မရှိ☐ | ကောင်း☑ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ စက်တပ် (၁) | ၁၂ | ရှိ☐ မရှိ☐ | ကောင်း☑ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ တုံကင် (၃၇) | ၇၄ | ရှိ☐ မရှိ☐ | ကောင်း☑ သင့်☐ ညံ့☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| မိုးရေ သိုလှောင် ကန် | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ ချောင်းရေ | ၁၆၆ | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေကန် (၇) | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

**ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သောက်ရေတွင်း( ၁၄၈) တွင်း၊ အဝီစိတွင်းစက်တပ် ၁၂ တွင်း၊ အဝီစိတွင်းတုံကင် (၇၄) နှင့် ရေအရည်အသွေး ကောင်းသည်။ နွေ၊ မိုး၊ ဆောင်း လုံလောက်မှုရှိသည်။

## (၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၅၉ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ၁၅၉ အိမ်ရှိသည့်အနက် ရေ လောင်း/ယင်လုံအိမ်သာသုံးစွဲသူ ၁၅၉အိမ်နှင့် ကျေးရွာအနေဖြင့် ယင်လုံအိမ်သာသုံးစွဲနိုင်မှု ၁၀၀% သုံးစွဲနိုင်သည်ကို တွေ့ရသည်။

## (၈) ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၇ | လျှော်ကျ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ကျေးရွာ၏ ၇၅%မှာ စားနပ်ရိက္ခာဖူလုံ၍ ကျန်၂၅%မှာစားနပ်ရိက္ခာဖူလုံမှုမရှိပေ။ သဘာဝဘေးအန္တရာယ်များမှာ ရေကြီးခြင်း မုန်တိုင်းကျခြင်းများရှိပါသည်။

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု |
|---|---|
| **မြေဆီသြဇာ အခြေအနေ** | မြင့်☐ လတ်☐ နိမ့်☒ |
| **အပင်မျိုးစိတ်များ** | မြင့်☐ လတ်☒ နိမ့်☐ |
| **ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု** | မြင့်☐ လတ်☐ နိမ့်☒ |
| **ရေအရင်းအမြစ်** | မြင့်☒ လတ်☐ နိမ့်☐ |

| အကြောင်းအရာ | အန္တရာယ်ရှိမှု | | |
|---|---|---|---|
| ငါးမျိုးကွဲများ | မြင့်☒ | လတ်☐ | နိမ့်☐ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့်☐ | လတ်☐ | နိမ့်☒ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့်☐ | လတ်☐ | နိမ့်☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီ ဩဇာ အခြေအနေတွင် မြေဆီဩဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်သည်။ ဆေးဖက်ဝင်အပင် မျိုးစိတ်များမှာ ဆင်တုံးမနွယ် ၊ခန်းတောက်မြစ်တို့ရှိသည်။ရေအရင်းအမြစ်မှာ လယ်ယာလုပ်ငန်းအတွက် ချောင်းရေကိုသာ အဓိကထား အသုံးပြုကြပါသည်။ ငါးရံ့၊ငါးခူ၊ငါးပြေမစသော ငါးမျိုးစိတ်များကိုလည်း ရွာပတ်ဝန်း ကျင်တောများမှ ရရှိနိုင်သည်။

## (၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| *စဉ်* | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| *၁* | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ* ☐ | *မရှိ* ☒ |
| *၂* | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | *ရှိ* ☒ | *မရှိ* ☐ |
| *၃* | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | *ရှိ* ☐ | *မရှိ* ☒ |
| *၄* | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | *ရှိ* ☐ | *မရှိ* ☒ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင် မှု ခေါင်းဆောင်မှု မရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြှောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများတက်ရောက်ရန်လိုအပ်ပါသည်။